## MAP Foundation for the Health and Knowledge of Ethnic Labour
## มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์

**No human being is illegal**

### မက်ပ်ဖောင်ဒေးရှင်းမှ ရွှေ့ပြောင်းလုပ်သားစီမံကိန်းအရာရှိ (မဲ့ဆောက်) ရာထူး လစ်လပ်နေရာ ခေါ်ယူခြင်း

မက် ပ် ဖောင်ဒေးရှင်းသည် ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်အကူအလုပ်နဲ့ စက်ရုံ အလုပ်ရုံတွေမှာ အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ၁၉၉၆ ခုနှစ်ကတည်းက လုပ်ကိုင်ဆောင်ရွက်ပေးနေသော ထိုင်းအန်ဂျီအို (အစိုးရမဟုတ်သောအဖွဲ့) ဖြစ်ပါသည်။ ယခုအချိန်မှာ ကျွန်ုပ်တို့အဖွဲ့အစည်းမှ ရွှေ့ပြောင်းလုပ်သားများ လုပ်ပိုင်ခွင့်အပြည့်အဝရရှိရေးကို ဦးတည်ထားသော “Rights for All Program” စီမံကိန်းတစ်ရပ်အတွက် ရွှေ့ပြောင်းလုပ်သားဆိုင်ရာ စီမံကိန်းအရာရှိ ရာထူးနေရာကို တာဝန်ထမ်းဆောင်ရန် ခေါ်ယူနေပါသည်။ စီမံကိန်းအရာရှိသည် မဲ့ဆောက်မှာ အခြေစိုက် တာဝန်ထမ်းဆောင်ရပါမည်။

စီမံကိန်းအရာရှိသည် မက်ပ် ဖောင်ဒေးရှင်း၏ မာလ်တီမီဒီယာ (နည်းစုံ ပြန်ကြားဆက်သွယ်ရေး) အစီအစဉ်နှင့် ချိတ်ဆက်၍ လုပ်ငန်းခွင်၌ စေတနာ့ဝန်ထမ်းအဖွဲ့ငယ်လေးတစ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ညှိနှိုင်းဆောင်ရွက်ရေးမှူးကို အစီရင်ခံ တင်ပြရပါမည်။ စီမံကိန်းအရာရှိ တာဝန်ယူရမည့်အပိုင်းတွေကတော့

- မဲ့လမတ်မှ စိုက်ပျိုးရေးဆိုင်ရာရွှေ့ပြောင်းအလုပ်သမားအသင်းအဖွဲ့များနှင့် မဲ့ဆောက်မှ သီးခြားအဖွဲ့အစည်းတွေဆီ ထောက်ကူပံ့ပိုးပေးခြင်း
- အုပ်ချုပ်ရေးရုံးများကို လှည့်လည်သွားရောက်ပြီး စီမံကိန်းဆိုင်ရာကိစ္စများကို စီစဉ်ဆောင်ရွက်ပေးခြင်း
- မက်ပ် ဖောင်ဒေးရှင်း ရေဒီယိုအစီအစဉ်မှ အသံလွှင့်ရန်အတွက် ရွှေ့ပြောင်းလုပ်သားများကို စည်းရုံးစုစည်းပြီး အသံလွှင့်ခြင်း
- ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် လုပ်သားစခန်းချလေ့ကျင့်ခြင်းများကို စီစဉ်ဆောင်ရွက်ပေးခြင်း
- ရွှေ့ပြောင်းလုပ်သားများအတွက် စာမူရေးသား၊ အသံသွင်း ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရန် မာလ်တီမီဒီယာ ညှိနှိုင်းရေးမှူးနှင့် မက်ပ်ဖောင်ဒေရှင်းရဲ့ မိတ်ဖက်များနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်း
- အခြေအနေဆိုင်ရာ စိစစ်တွေ့ရှိချက်ကို ရေးမှတ်ရန် (မက်ပ်၊ အဖ်အီးဒီ၊ ပလန်အင်တာနေရှင်နယ် စသည့်) အဖွဲ့နှင့် လုပ်ဆောင်ခြင်း
- အစီရင်ခံစာများနှင့် နောက်ဆုံးအခြေအနေများကို ရေးသားခြင်း
- အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ကုလကိုယ်စားလှယ်အဖွဲ့များစတဲ့ သက်ဆိုင်ရာ အဖွဲ့ဝင်များနဲ့ ဆက်သွယ်ဆက်ဆံခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားအဖွဲ့အစည်းများကိုယ်စား ဥပဒေဆိုင်ရာ ဆောင်ရွက်ပေးခြင်း

ကျွန်ုပ်တို့ ရှာဖွေခေါ်ယူလိုသည့် စီမံကိန်းအရာရှိ ရာထူးနေရာ လျှောက်ထားသူသည် လုပ်ငန်းတွင် အာရုံစိုက် လုပ်ကိုင်နိုင်ပြီး စိတ်အားထက်သန်မှု၊ ကိုယ်ပိုင်အရည်အချင်းရှိရမည်။ ဗမာစကားသွက်လက်စွာ ပြောဆိုနိုင်ရမှာဖြစ်ပြီး၊ ဖြစ်နိုင်လျှင် ကရင်တိုင်းရင်းသား ဘာသာစကား (သို့) ထိုင်းဘာသာစကား (သို့) အင်္ဂလိပ်ဘာသာ စကားများကိုလဲ တတ်ကျွမ်းပြောဆိုနိုင်ရင် ပိုကောင်းပါမည်။ အဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးမှုနှင့် လုပ်ပိုင်ခွင့်အာဏာတို့နှင့် ပတ်သက်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃ နှစ်ရှိရပါမည်။ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးကိစ္စရပ်များ၊ လိင်ကွဲပြားမှုဆိုင်ရာ စွမ်းရည်သတ္တိများ နှင့်ပတ်သက်ပြီး ဗဟုသုတ ရှိရပါမည်။ ကွန်ပျူတာပညာရပ် တတ်ကျွမ်းရမည်ဖြစ်ပြီး လုပ်သားနှင့်သက်ဆိုင်သော ရေဒီယိုအသံလွှင့်စာမူများနှင့် အကြောင်းအရာ အချက်အလက်များကို ဖန်တီးရေးသားနိုင်စွမ်းရှိရပါမည်။ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပေးနိုင်သော အရည်အချင်းရှိရမည့်အပြင် ရွှေ့ပြောင်းလုပ်သား

အဖွဲ့အတွက် လုပ်ပိုင်ခွင့်အာဏာ ပေးထားရပါမည်။ လျှောက်ထားသူသည် လက်ရှိအကျိုးဝင်ဆဲ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူဖြစ်လျှင် ဦးစားပေး စဉ်းစားပါမည်။

အလုပ်လျှောက်ထားရန်အတွက် ကိုယ်ရေးအချက်အလက်နှင့် လျှောက်ထားပေးပို့စာကို jobsatmap@gmail.com အီးမေးလ်ပ်စာသို့ မတ်ချ်လ ၈ ရက်မတိုင်မီ အရောက်ပေးပို့ရပါမည်။ ပဏာမအဆင့် ရွေးချယ်ခံရသူများကိုသာ ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်သည်။ အင်တာဗျူး လူတွေ့မေးမြန်းခြင်းကို မတ်ချ်လ ၁၂ ရက်နေ့ မှာ ကျင်းပဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့အနေနဲ့ အမြန်ဆုံး စတင်လုပ်ကိုင်နိုင်မည့်သူကို ရှာဖွေစောင့်ဆိုင်းနေပါသည်။ စီမံကိန်းကာလမှာ ၂ နှစ် နှင့် ၉ လ ကြာမြင့်ပါမည်။ ရွေးချယ်ခံရသူသည် စစချင်း ၉ လ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ရည်ကိုင်ရည် အလားအလာကောင်းလျှင် နောက်ထပ် ၂ နှစ် ဆက်လက်လုပ်ကိုင်ရမည်ဖြစ်ပါသည်။ အရည်အချင်းများ၊ သက်ဆိုင်ရာ လုပ်ငန်းသက် အတွေ့အကြုံများ၊ ဘာသာစကားနှင့် ကျွမ်းကျင်မှုအတတ်ပညာများပေါ်မူတည်ပြီး ထိုင်းဘတ်ငွေ ၁၀၀၀၀ မှ ၁၅၀၀၀ အတွင်း ရရှိခံစားရမည်ဖြစ်ပါသည်။

63/30 Umong Soi 4 Moo 8
A.Moung Chiangmai
50200 THAILAND
**Tel/Fax:** 66 53 811 202
**Email:** map@mapfoundationcm.org

63/30 ซอยวัดอุโมงค์ 4 หมู่ 8
อ.เมือง จ.เชียงใหม่
50200
**โทร/แฟกซ์:** 053 811 202
**Email:** map@mapfoundationcm.org

P.O. Box 7 Chiangmai University
A.moung Chiangmai
50200 THAILAND
**Tel/Fax:** 66 53 811 202
**Email:** map@mapfoundationcm.org

ตู้ ปณ. 7 มหาวิทยาลัยเชียงใหม่
อ.เมือง จ.เชียงใหม่ 50200
**โทร/แฟกซ์:** 053 811 202
**Email:** map@mapfoundationcm.org